# ဗီယာနာမြို့မှ သဘာဝသမိုင်းပြတိုက်

ဒေါက်တာသိန်းအောင်

ဥရောပအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့် ဩစတြီးရီးယားနိုင်ငံ ဗီယာနာမြို့သို့ MuEu-CAP Project တာဝန်ဖြင့် ရောက်ရှိခဲ့သည်။ နိုဝင်ဘာလကုန်ပိုင်း ဖြစ်၍ ဆောင်းအကြိုရာသီ အအေးဓာတ်သည် (၁-၅ ဒီဂရီ စင်တီဂရိတ်) ရှိသဖြင့် အာရှသားများအတွက် အလွန်အေးသည့် ရာသီပင် ဖြစ်သည်။ ပြင်ပတွင် အအေးဓာတ် ပိုသော်လည်း အဆောက်အဦများ အတွင်းတွင် အပူချိန်ထိန်း စနစ်များကြောင့် သာမန်အဝတ်အစားဖြင့် ပေါ့ပါးစွာ နေနိုင်သည်။

ဗီယာနာသဘာဝ သမိုင်းပြတိုက်သည် ကြီးမားခမ်းနားသည့် ပြတိုက်တစ်ခု ဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် အရေးအကြီးဆုံး သဘာဝသမိုင်းပြတိုက်တစ်ခု ဖြစ်ကြောင်းသိရသည်။ ဗီယာနာ သဘာဝသမိုင်းပြတိုက်သည် အကြီးဆုံးသောပြတိုက် တစ်ခု ဖြစ်ပြီး၊ ဩစတြီးရီးယားတွင် တက္ကသိုလ်မဟုတ်သည့် သုတေသနဌာန တစ်ခုလည်းဖြစ်ကြောင်း သိရသည်။ ပြတိုက်ကို ၁၈၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ပြတိုက်တွင် အစောဆုံး စုဆောင်းထားသည့် နမူနာပုံစံ (specimen collection) သည် နှစ်ပေါင်း (၂၅၀) ကျော် ကြာမြင့်ကြောင်း သိရသည်။ ပြတိုက်တွင် ပြခန်းပြကွက်ပေါင်း (၃၉) ကွက် ရှိပြီး၊ သိပ္ပံပညာရှင်ပေါင်း (၆၀) ကျော် တာဝန်ယူ လုပ်ကိုင်နေကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းမှ ရှားပါး ရုပ်ကြွင်းများ၊ ခရု၊ သန္တာကျောက်တန်း၊ သတ္တု၊ အဖိုးတန်ကျောက်များ အပါအဝင် (၃၀၀၀၀) ကျော် စုဆောင်း ပြသထားကြောင်း သိရသည်။

အစည်းအဝေးများ တက်ရောက်ပြီး နောက်နေ့တွင် ဗီယာနာမြို့ရှိ သဘာဝသမိုင်းပြတိုက် (Natural History Museum) သို့ အဖွဲ့လိုက် သွားရောက်လေ့လာခွင့် ရခဲ့သည်။ နံနက် ၉း၀၀ နာရီ မတိုင်မီ သဘာဝ သမိုင်းပြတိုက်ရှေ့သို့ ရောက်ခဲ့သည်။ ပြတိုက်ရှေ့ကွက်လပ် ရင်ပြင်တွင် ခရစ္စမတ်အကြိုလက်ဆောင်ပစ္စည်းနှင့် ပူနွေးသည့် ဝိုင်ပူပူရောင်းသည့် ညဈေးတန်းလေးကို တွေ့ရသည်။ နံနက်ပိုင်းဖြစ်၍ ဆိုင်ခန်းအားလုံး



*ဩစတြီးရီးယား၊ ဗီယာနာ သဘာဝ သမိုင်းပြတိုက် မျက်နှာစာ အဝေးမြင်ရုပ်ပုံ (ယာ)*
*သဘာဝ သမိုင်းပြတိုက်အဆောက်အဦ အပေါ်ဆုံး မျက်နှာကျက်တွင် ဘာသာရပ်အလိုက် ပုံဖော်ထားပုံ (အောက်)*








များဖြင့် ထိန်းသိမ်းထားပုံ ရသည်။ အချုပ်အားဖြင့်ဆိုရလျှင် ဗီယာနာ သဘာဝသမိုင်း ပြတိုက်သည် ကမ္ဘာ့အကောင်းဆုံး ပြတိုက်စာရင်းဝင် ပြတိုက်တစ်ခုဖြစ်ကြောင်း ပညာရှင်များ သတ်မှတ်ထားကို လက်တွေ့ မြင်တွေ့ ခံစားရပါသည်။ ပြတိုက်သည် ကြီးမားသည့် ပြကွက်အခန်းများ များပြားသဖြင့် တစ်ရက်တည်းနှင့် သေချာစွာ မလေ့လာနိုင်ပေ။ လာရောက်လေ့လာမိသူ တစ်ဦးအနေဖြင့်လည်း ထပ်မံ၍ အကြိမ်ကြိမ် လေ့လာလို

*ပြတိုက် အဆောက်အဦ အတွင်းပိုင်း အခန်းဖွဲ့စည်းပုံ (ဝဲ)*
*ပြတိုက်အတွင်း ကမ္ဘာ့နို့တိုက်သတ္တဝါ ရုပ်လုံးပြခန်း (အောက်)*



ပိတ်ထားသည်။ ပြတိုက်ရှေ့ မြေခင်းအလှတွင် မှတ်တမ်းဓာတ်ပုံ ရိုက်ရင်း Dr. Swen Renner and Dr. Paul Bates တို့ကို စောင့်ဆိုင်းကြသည်။ နံနက်ပိုင်း လေတိုက်သဖြင့် အအေးဓာတ် ပိုသည်ဟု ခံစားမိသည်။ ရင်ပြင်ပတ်ပတ်လည်တွင် ပြတိုက် အမျိုးမျိုး တည်ထောင်ထားသည်ကို တွေ့ရ သည်။ Dr. Swen Renner and Dr. Paul Bates တို့ရောက်လာပြီး၊ Dr. Swen မှ ပြတိုက်တွင် လေ့လာမည့် အစီအစဉ်ကို ရှင်းပြကာ ပြတိုက်တွင်းသို့ ဦးဆောင် ခေါ်သွားသည်။

ပြတိုက်အတွင်း ရောက်သည်နှင့် အပူချိန်ထိန်းညှိ စနစ်ကြောင့် နွေးထွေးသွားသည်။ ဝင်လာသူတိုင်း အပေါ်ဝတ်အနွေးထည် အင်္ကျီနှင့် ကျောပိုးအိတ်တို့ကို အပ်နှံကြရသည်။ ပြတိုက်အတွင်း နံရံ၊ မျက်နှာကျက်ပေါ်တွင် ရေးဆွဲထားသည့် ရှေးဟောင်း အနောက်တိုင်းယဉ်ကျေးမှု ပန်းချီနှင့် ရုပ်လုံးများသည် လက်ရာမြောက်သည်။ ထို့ပြင် စိတ်ဝင်စားဖွယ် သမိုင်းနောက်ခံ အကြောင်းအရာများကို ဖော်ညွှန်းထားသည်ကို လေ့လာမိ ပါသည်။ အဆောက်အဦ အပေါ်ဆုံး မျက်နှာကျက်တွင် ဘာသာရပ်အလိုက် ဂရိတ်ဘာသာဖြင့် ရုပ်ကြွများ ပြုလုပ်ထားသည်ကို တွေ့ရသည်။ ပြတိုက်၏ ပြင်ဆင်ထားမှု အားလုံးသည် ယခုလက်ရာများနှင့် မတူပဲ ရှေးခေတ်လက်ရာများ ဖြစ်ပြီး၊ ပျက်စီးမှု မရှိစေရန် သေချာစွာ စနစ်တကျ နည်းပညာ




*ပြတိုက်အတွင်း ငှက်ပြခန်း၌ ပြသထားသည့် မျိုးသုဉ်းပျောက်ကွယ်သွားသည့် ဒိုဒို ငှက်မျိုးစိတ် ရုပ်လုံးအတု ပြကွက်*

သည့်ဆန္ဒ ရှိနေမည်ဟု ခံယူမိပါသည်။ မိမိတို့ သွားရောက် လေ့လာသည့်နေ့တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များမှ ကျောင်းသူ၊သားများ၊ ခရီးသွား ဧည့်သည်များ အဖွဲ့လိုက် စည်းကားစွာ လာရောက် လေ့လာ ကြသည်ကို တွေ့ရသည်။

နို့တိုက်သတ္တဝါမျိုးစိတ် (၆၀၀)၊ ငှက်မျိုးစိတ် (၃၂၀၀)၊ ငါးမျိုးစိတ် (၇၀၀)နှင့် တွားသွားသတ္တဝါ မျိုးစိတ် (၅၀၀) ပြသထားသည့် မျိုးစိတ် နမူနာများတွင် မျိုးသုဉ်းသွားသည့် (Extinct) မျိုးစိတ်၊ စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ (Critically Endangered) မျိုးစိတ်များ ပါဝင်သည်။ ဥပမာ လွန်ခဲ့သော ၁၆၈၀ ကတည်းက မျိုးသုဉ်းခဲ့သည့် ဒိုဒိုငှက်၏ အရိုးနမူနာပုံစံ၊ ၁၈၄၄ ခုနှစ်က မျိုးသုဉ်းပျောက်ကွယ်ခဲ့သည့် Great Auk နမူနာပုံစံ၊ (Tasmanian wolf)၊ ဂျဗားကြံ့ (Javan rhinoceros)၊ ပန်ဒါဝက်ဝံ (Giant panda) တို့၏ ရုပ်လုံးသွင်းနမူနာများ ပြသထားကြောင်း ပြတိုက် တာဝန်ခံမှ ရှင်းပြသည်။

ကြီးမား များပြားသည့် ပြခန်း ပြကွက်များလေ့လာရန် အချိန်ကန့်သတ်ချက် အရ အာရှဒေသ ငှက်မျိုးစိတ်များကို အဓိက ထားလေ့လာရန် စီစဉ်ပြီး လေ့လာခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ ငှက်မျိုးစိတ် အမျိုးမျိုးကို စုဆောင်းကာ ရုပ်လုံးသွင်းပြီး မှန်ဘီဒိုကြီးများတွင် သဘာဝတွင် မြင်တွေ့ရသည့် ကိုယ်ဟန် အနေအထား အမျိုးမျိုးဖြင့် ရုပ်လုံးသွင်း ဖန်တီးပြသထားသည်မှာ အသက်ဝင်လှသည်။ ငှက်မျိုးစိတ် တချို့အား အသိုက် ပုံစံနှင့်အတူ အသိုက်တွင်း ဥနှင့် သားပေါက်များ ဖန်တီး ပြသထားသည်မှာ မြင်သူများအဖို့ စိတ်ဝင်စားဖွယ် ဖြစ်သည်။ သစ်ခေါင်းနေ အောင်လောင်၊ အောက်ချင်း၊ ဇီးကွက် မျိုးစိတ်တို့ကို သစ်ခေါင်း အသိုက်နှင့် အတူ အသက်ဝင်အောင် ဖန်တီး ပြသထားသည်မှာ လေ့လာသူများအဖို့ ဆွဲဆောင်အားကောင်းသည့် ပြကွက်များပင် ဖြစ်သည်။ ပြတိုက်တာဝန်ခံမှ ငှက်ပြခန်းအတွင်းမှ ငှက်များအကြောင်းကို စိတ်ဝင်စားဖွယ် ကောင်းအောင် အသေအချာ ရှင်းလင်းပြသပြီး မေးမြန်းသည်များကို ဖြေကြားပေးသည်။

ပြခန်း တစ်နေရာတွင် နယူးဇီလန် ကျွန်းတွင်သာ သားပေါက်နေထိုင် ကျက်စားသည့် ဒေသရင်း (Endemic) ငှက်မျိုးစိတ် ဖြစ်သော Kakapo ငှက် ရုပ်လုံးသွင်း နမူနာပုံစံ (၅)ကောင်ကို သဘာဝတွင် မြင်တွေ့ရသည့် အလား မြေပြင်ပေါ်ရှိ အသိုက်ပုံစံ ဖန်တီးကာ ဖန်ဘီဒိုတစ်လုံးတွင် သီးသန့် ပြသထားသည်မှာ စိတ်ဝင်စားဖွယ် ပြကွက် တစ်ခုပင် ဖြစ်သည်။ Kakapo ငှက်မျိုးစိတ်သည် ကြက်တူရွေး (Parrot) ငှက်မျိုး ဖြစ်သည်။ ခန္ဓာကိုယ် အရွယ်ကြီးမားပြီး၊ ဝဖိုင့်ဖိုင့် ငှက်မျိုး ဖြစ်သည်။ အထီးသည် အမထက် အရွယ်ကြီးမားသည်။ အရွယ်ရောက် အထီးသည် ခန္ဓာကိုယ်အလေးချိန် (၂-၄) ကီလို ဖြစ်သည်။ မပျံသန်းနိုင်သည့် ငှက်မျိုးစိတ် တစ်မျိုးဖြစ်ပြီး၊ ညဖက် အစာရှာဖွေ ကျက်စားသည့် ငှက်မျိုး ဖြစ်သည်။ အရောင်မှာ စိမ်းဝါရောင် ဖြစ်ပြီး၊ သေးငယ်သည့် အကွက်များ ပါရှိသည်။ မျက်နှာမှာ သိသာထင်ရှားသော ပုံစံ ဖြစ်သည်။ နှုတ်သီးသည် ကြီးမားပြီး မီးခိုးရောင် ဖြစ်သည်။ ခြေထောက်တိုသည် ကြီးမားသည့် ခြေချောင်းများ ပါရှိသည်။ တောင်ပံနှင့် အမြီးသည် တိုသယောင် ဖြစ်သည်။ သက်တမ်းသည် (၉၅)နှစ် ဖြစ်သည်။ နယူးဇီလန်ဒေသတွင်သာ သားပေါက် ကျက်စားသည့် ဒေသရင်း (Endemic) ငှက်မျိုးစိတ်ဖြစ်သည်။ သိပ္ပံအမည်မှာ Strigops habroptilus ဟုခေါ်သည်။ နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN)၏ (Red list) အရ စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ





*ပြတိုက်အတွင်း ကမ္ဘာ့နို့တိုက်သတ္တဝါရုပ်လုံး ပြကွက် (ယာ)*

*ပြတိုက်အတွင်း ငှက်ပြခန်းအတွင် ပြသထားသည့် မျိုးသုဉ်းသွားသည့် ကမ္ဘာ့အကြီးဆုံးငှက် Elephant bird ၏ ဥနှင့် ခြေထောက်ရိုး နမူနာများ (အောက်)*

(Critically Endangered) မျိုးစိတ် အဖြစ် သတ်မှတ်ထားသည်။

တစ်ဖန် ကမ္ဘာ့အကြီးဆုံး ငှက်ဖြစ်သည့် Elephant Bird ကိုလည်း မှန်ဘီဒို တစ်လုံးတွင် သီးသန့်ခင်းကျင်း ပြသထားသည်။ Elephant bird သည် ခန္ဓာကိုယ် အလွန့်အလွန်ကြီးမား၍ ကမ္ဘာပေါ်တွင် ခန္ဓာကိုယ် အကြီးမားဆုံးသော ငှက်မျိုးစိတ် အဖြစ် သတ်မှတ်ထားသည်။ မပျံသန်းနိုင်သော ငှက်မျိုးဖြစ်ပြီး၊ မဒတ်ဂတ်စ်ကားကျွန်းပေါ်တွင် တစ်ချိန်က နေထိုင် ကျက်စားခဲ့သည်။ ယခုအခါ မျိုးသုဉ်းပျောက်ကွယ်သွားပြီ ဖြစ်သည်။ လူတို့၏ ပယောဂကြောင့် နှစ်ပေါင်း ၁၀၀၀-၁၂၀၀ ခန့်က မျိုးသုဉ်းသွားသည်။ Elephant bird သည် (၁၀) ပေမြင့်မားပြီး၊ ပေါင် (၁၀၀၀) လေးသည်။ ဥအရွယ်သည် (၁၀.၄-၁၃.၄) လက်မနှင့် (၇.၆-၉.၆) လက်မ ဖြစ်သည်။ သတ္တဝါတို့၏ ဥတကာ ဥများထဲတွင် အကြီးဆုံးဟု ဆိုရမည်။

ဒိုဒိုငှက်သည် ကမ္ဘာပေါ်တွင် နှစ်ထောင်သောင်းချီကာ သဘာဝပတ်ဝန်းကျင်၌ လိုက်လျောညီထွေစွာ ရှင်သန် ကျက်စားခဲ့သည့် ငှက်မျိုးစိတ်တစ်မျိုး ဖြစ်သည်။ ပျံသန်းနိုင်ခြင်းမရှိပဲ မြေပြင်ပေါ်တွင် သွားလာ ကျက်စားသည်။ အရောင်မှာ မီးခိုးရောင်ဖြစ်ပြီး အမြီးမှာ အဖြူရောင် အမွေးအတောင်များ ပါရှိပါတယ်။ တောင်ပံမဲ့ငှက် ဖြစ်ပြီး၊ ခန္ဓာကိုယ်ကြီးမားကာ ချိတ်ကောက် နှုတ်သီးပါရှိ သည်။ ဒိုဒိုသည် အိန္ဒိယ သမုဒ္ဒရာအတွင်း မဒါဂါးစကတ် (Madagascar) ကျွန်းအရှေ့ဖက် မိုင် (၇၀၀) ဝေးသည့် မောရီရှပ် (Mauritius) ကျွန်းတွင် သားပေါက် နေထိုင် ကျက်စားသည့် ဒေသရင်း (Endemic) ငှက်မျိုးစိတ် ဖြစ်သည်။ မောရီရှပ်ကျွန်းကလွဲရင်အခြားမည်သည့်ဒေသတွင်မှ မတွေ့ရသည့် ငှက်မျိုးစိတ် ဖြစ်သည်။ ဒိုဒိုငှက်၏ ကိုယ်အလေးချိန်သည် ပေါင် (၅၀) ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) ကျော်ခန့်က မောရီရှပ်ကျွန်းပေါ်တွင် ဘေးဒုက္ခအန္တရာယ် ကင်းဝေးပြီး၊ အေးချမ်းသည့် ဘဝဖြင့် ရှင်သန်ကျက်စားသည့် ငှက်မျိုးစိတ် ဖြစ်သည်။ မောရီရှပ်ကျွန်းသို့ ဆိုက်ရောက်လာသည့် ရွက်သင်္ဘောများဖြင့် ရေကြောင်းခရီး သွားသည့် ဒတ်ချ်လူမျိုးတို့ကြောင့် နှစ်အနည်းငယ်အတွင်း မျိုးသုဉ်းပျောက်ကွယ်သွားခဲ့သည်။ နောက်ဆုံး မြင်တွေ့ခဲ့သည့် ခုနှစ်မှာ (၁၆၈၁)ခုဟု မှတ်တမ်းများအရ သိရသည်။ တချို့မှတ်တမ်းများတွင် (၁၆၆၂) ခုဟု ဖော်ပြထားသည်။ ဒိုဒိုနှင့် ပတ်သက်၍ အထောက်အထား အချက်အလက်များ ပြည့်စုံအောင် သုတေသီပညာရှင်များ ကြိုးပမ်းလေ့လာ ဖော်ထုတ်နိုင်သော်လည်း၊ ဒိုဒို၏ ရုပ်ကြွင်းနမူနာ အပြည့်အစုံကို မရရှိကြပေ။ ခန္ဓာကိုယ် တစ်စိတ်တစ်ပိုင်းနှင့် အရိုးအစိတ်အပိုင်း တချို့သာ စုဆောင်းရခဲ့ကြသည်။ ပြခန်းတွင် ဒိုဒို ငှက်ရုပ်လုံး နမူနာပုံစံကို နဂိုမူလပုံစံ အရွယ်အစားအတိုင်း ဖန်တီးပြုလုပ်ထားကြောင်း၊ စုဆောင်းရရှိသည့် အရိုးအစိတ်အပိုင်း အချို့နှင့် ပလပ်စတစ်ပုံလောင်း နှုတ်သီး၊ မီးခိုးရောင် ဘဲငန်းမွေးများဖြင့် ဖန်တီးကာ ရုပ်လုံးသွင်း ပြထားကြောင်း တာဝန်ခံမှ ရှင်းပြသည်။ ဒိုဒိုငှက်အရှင် ပုံစံအလား ဖန်တီးထားသည်မှာ အသက်ဝင်လှသဖြင့် ဒိုဒိုငှက်ကို ရုပ်လုံးသွင်း ပြသထားသည်ဟု ထင်မှတ်ရသည်။ ငှက်မျိုးစိတ် ရုပ်လုံးပြခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာပြီးနောက်၊ အခြားပြခန်း ပြကွက်များသို့ လေ့လာရန် အချိန်(၁၅) မိနစ်ခန့် ပေးသဖြင့် နို့တိုက်သတ္တဝါနှင့် ဒိုင်နိုဆော ပြခန်းများသို့ အပြေးအလွှား ခပ်သွက်သွက် လေ့လာမိပါသည်။ နို့တိုက်သတ္တဝါ ရုပ်လုံး နမူနာပုံစံများကို သဘာဝကိုယ်ဟန် အနေအထား အမျိုးမျိုးဖြင့် ဖန်တီးပြသထားသည်မှာ



*ပြတိုက်အတွင်း ငှက်မျိုးစိတ် ပြကွက်တွင် နယူးဇီလန်ကျွန်း ဒေသရင်းငှက်မျိုးစိတ် ဖြစ်သည့် Kakapo ငှက် (၅) ကောင်ရုပ်လုံး သဘာဝအတွင်း အသိုက်လုပ်နေထိုင် ကျက်စားပုံ ပြကွက် (ဝဲ) ပြတိုက်အတွင်း ငှက်မျိုးစိတ် နမူနာပုံစံများ စုဆောင်းထားခြင်းကို Bird specimen collector Manager ဖြစ်သူ Magistor Hans-Martin Berg မှ ရှင်းလင်းပုံ (အောက်)*



လွန်စွာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ နည်းပညာကောင်းနှင့် စနစ်ကောင်းဖြင့် ထိန်းသိမ်းထားသဖြင့် ရုပ်လုံး နမူနာပုံစံများသည် နှစ်ပေါင်းများစွာ ကြာသည့်တိုင် ယိုယွင်းပျက်စီးမှု မရှိသည်ကို လေ့လာတွေ့ရှိရသည်။ နေ့လယ်ပိုင်းတွင် ပြတိုက်စားသောက်ဆိုင်တွင် နေ့လယ်စာ မှာစားကြရင်း ပြခန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို Dr. Swen နှင့် ဆွေးနွေးကြသည်။

နေ့လယ်စာ စားသုံးပြီးနောက်၊ အထူးအစီအစဉ် အနေဖြင့် Dr. Swen Renner မှ ကမ္ဘာတစ်ဝန်း စုဆောင်း ရရှိသည့် သုတေသနပြု ငှက်နမူနာပုံစံများ စုဆောင်းရာ ဌာနသို့ ခေါ်ဆောင်သွားသည်။ အဆိုပါဌာနမှ တာဝန်ခံ ပညာရှင်မှ ပြတိုက်အတွင်း စုဆောင်းထားရှိသော ငှက်နမူနာပုံစံများ အကြောင်းနှင့် တချို့သော ငှက်မျိုးစိတ် နမူနာများကို ထုတ်ယူကာ ရှင်းလင်း ပြောကြားသည်။ ထိုစဉ် Dr. Swen Renner မှ မြန်မာနိုင်ငံမှ ငှက်ပညာရှင်များ လေ့လာနိုင်ရန် ဘဲခေါင်းပန်းရောင် ငှက်မျိုးစိတ် နမူနာပုံ စုဆောင်းထားရှိပါက လေ့လာလိုကြောင်း ပြောကြားရာ၊ တာဝန်ခံပညာရှင်မှ ရှိတာပေါ့ ဆိုပြီး၊ လှေကားဆွဲယူကာ အထက်ဆင့်သို့ တက်၍ ဘီဒိုအံဆွဲအတွင်း သိမ်းဆည်းထားသည့် ဘဲခေါင်းပန်းရောင် နမူနာပုံစံကို ထုတ်ယူကာ လွန်ခဲ့သော နှစ်ပေါင်း (၁၅၀) ခန့်က အိန္ဒိယဒေသမှ စုဆောင်းရရှိသည့် နမူနာပုံစံ ဖြစ်ကြောင်း ရှင်းလင်း ပြသသည်။ ဘဲခေါင်းပန်းရောင် နမူနာပုံစံသည် နှစ်ပေါင်း (၁၅၀) ကြာမြင့်ပြီဖြစ်၍ ယိုယွင်း ပျက်စီးသည့် အခြေအနေကို မေးမြန်းရာ၊ နှုတ်သီးနှင့် ခြေထောက်ရောင် အနည်းငယ် အရောင်ဖျော့လာသည်မှ လွဲ၍ ယိုယွင်းပျက်စီးမှု မရှိကြောင်း၊ အမွေးအရောင်သည် မူလအတိုင်း မပြောင်းလဲကြောင်း ရှင်းလင်းဖြေကြားသည်။ ထူးခြားသည့် ဘဲခေါင်းပန်းရောင်၏ နမူနာပုံစံကို မျက်မြင်လေ့လာခွင့်ရသဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခွင့်တောင်းကာ ရိုက်ယူခဲ့သည်။ ထို့ပြင် မိမိကိုယ်တိုင် ကိုင်တွယ်ရိုက်ယူခွင့် တောင်းကာ အမှတ်တရ ရိုက်ယူခဲ့သည်။







*ပြတိုက်အတွင်း နို့တိုက်သတ္တဝါ ကျားမျိုးစိတ် ရုပ်လုံးပြကွက်များ (ထက်ယာ) အင်တာနက်တွင် ဖော်ပြထားသည့် ကမ္ဘာ့အကြီးဆုံးငှက် Elephant Bird ပုံ (ယာ) အင်တာနက်တွင် ဖော်ပြထားသည့် ကမ္ဘာ့အကြီးဆုံးငှက်၊ ငှက်ကုလားအုပ်နှင့် လူ အရွယ်အစား နှိုင်းယှဉ်ပုံ (အောက်)*



ဘဲခေါင်းပန်းရောင် (Pink-headed Duck) သည် ကိုယ်ထည် ကြီးမားသည့် ရေတွင် ငုပ်လျှိုး ကျက်စားသည့်ဘဲမျိုး ဖြစ်သည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတွင် ကျက်စားသည်။ သစ်တောအတွင်း မြစ်တက်၊ ချောင်းများနှင့် ဆက်စပ်သည့် ရွှံ့ညွှန်တောများတွင် ကျက်စားသည်။ ၁၉၅၀ ခန့်တွင် မျိုးတုံးပြီဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံ မြောက်ပိုင်း ရွှံ့ညွှန် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသတွင် ကျန်ရှိ ကျက်စားနေမည်ဟု ပညာရှင်များက ယူဆထားသည်။ သဘာဝပတ်ဝန်းကျင် စားကျက်ဒေသအတွင်း ရှင်သန်ကျက်စား နေသေးသည်ဟု ယုံကြည်ထား

ကြ၍ တစ်ချိန်တွင် ဖော်ထုတ်နိုင်မည့် အလားအလာကို စိတ်ဝင်တစား စောင့်စားနေကြသည်။ နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN)၏ (Red list) အရ စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ (Critically Endangered-CR) စာရင်းတွင် သတ်မှတ် ကြေညာထားသည်။ ဘဲခေါင်းပန်းရောင်၏ ဦးခေါင်းသည် မတူထူးခြားသည့် ပန်းရောင် ဖြစ်ပြီး ကိုယ်ထည်မှာ အရောင်ရင့်သည်။ ဘဲခေါင်းပန်းရောင်အထီးသည် မလွဲမှားနိုင်သည့် အသွင်အပြင် အသွေးအရောင် ရှိသည်။ အထီးရော အမပါ နှုတ်သီးနှင့် ရင်တိုင်ရှည်ပြီး၊ ဦးခေါင်းထိပ်ပိုင်း ချွန်တက်နေသည်။ အထီးသည် နှုတ်သီးပန်းရောင် ရှိသည်။ ဦးခေါင်းနှင့်လည်တိုင်သည် ပန်းရောင် ဖြစ်ပြီး၊ အမသည် အရောင် ဖျော့သည်။ ကိုယ်ထည်သည်



*စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ မျိုးစိတ်ဖြစ်သော ဘဲခေါင်းပန်းရောင် ရုပ်လုံးပုံ*





*စာရေးသူမှ ဘဲခေါင်းပန်းရောင် ရုပ်လုံးအား အနီးကပ် လေ့လာပြီး၊ အမှတ်တရပုံ (ဝဲ) ပြတိုက်အတွင်း ကမ္ဘာနှံ့တိုက်သတ္တဝါ ခြင်္သေ့ မျိုးစိတ် ရုပ်လုံးပုံ (အောက်)*



အမည်းရောင် ဖြစ်ပြီး၊ လည်တိုင် အရှေ့ဖက်တွင် သေးသွယ်သည့် အမည်းရောင် ဖြစ်သည်။ စိုးရိမ်ရသည့် မျိုးသုဉ်းမှုအန္တရာယ်ရှိ ဘဲခေါင်းပန်းရောင် နမူနာပုံစံအား အနီးကပ်မြင်တွေ့ ကိုင်တွယ် လေ့လာခွင့်ရသဖြင့် အားရကျေနပ်မိပါသည်။

ဗီယာနာ သဘာဝသမိုင်းပြတိုက်သည် ကမ္ဘာအနှံ့ စုဆောင်းရရှိသည့် သဘာဝသမိုင်းဆိုင်ရာ အရင်းအမြစ်များကို ရှာဖွေစုဆောင်းပြီး၊ အချက်အလက်ပြည့်စုံအောင် သုတေသနပြု ထားခြင်းကြောင့် လေ့လာလိုသူများအဖို့ အချိန်တိုအတွင်း သတင်းအချက်အလက်များနှင့် နမူနာပုံစံကို လေ့လာနိုင်သည့် အကျိုးကျေးဇူး ရရှိပေသည်။ စာရေးသူ ကိုယ်တိုင်ပင်လျှင် သိလိုမြင်လိုသော ငှက်မျိုးစိတ်များကို မြင်တွေ့ လေ့လာခွင့်ရခဲ့ခြင်းကြောင့် လွန်စွာအားရကျေနပ်မိပါသည်။ ပြတိုက်သို့ ရောက်ဖူး၊ လေ့လာဖူးသူတိုင်း အားရကျေနပ်မိမည်ဟု ယုံကြည်မိပါသည်။ ဩစတြီးရီးယားနိုင်ငံ၊ ဗီယာနာမြို့သို့ ရောက်ရှိပါက သဘာဝသမိုင်းပြတိုက်သို့ မပျက်မကွက် သွားရောက်လေ့လာသင့်သည့် နေရာဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ဒေါက်တာသိန်းအောင်**